# မြန်မာစာပေသမိုင်းတွင်
# သံခင်းတမန်ခင်းဆိုင်ရာစာပေ၏အခန်းကဏ္ဍ

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မသင်းသင်းဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ကျမ်းပြုသူ သုတေသနပြုရမည့် ကျမ်းအမည်မှာ **မြန်မာစာပေသမိုင်းတွင် သံခင်းတမန်ခင်းဆိုင်ရာ စာပေ၏ အခန်းကဏ္ဍ** ကို လေ့လာသော ကျမ်းဖြစ်ပါသည် ။ ပုဂံခေတ်မှ ကုန်းဘောင်နှောင်းပိုင်းအထိ ပေါ်ပေါက်ခဲ့သော စာပေများထဲမှ သံခင်း တမန်ခင်းဆိုင်ရာ စာပေအမျိုးအစားများကို မြန်မာစာပေဆိုင်ရာ ရှုထောင့်မှ ပုံဖော်ရန် ရည်ရွယ်ပါသည် ။ ကျမ်း၏ လေ့လာမှုနယ်ပယ်ကို ပုဂံခေတ်မှ ကုန်းဘောင်ခေတ်နှောင်းပိုင်း အထိ ကန့်သတ်ထားပါသည် ။ ထိုခေတ်များအတွင်း ပေါ်ပေါက်ခဲ့ပြီးသော စာပေအမျိုးအစားများအလိုက် လေ့လာကြည့်ရာ သံတမန်နှင့် ပတ်သက်သော စာပေများကို စကားပြေဆိုင်ရာ စာပေအမျိုးအစားနှင့် ကဗျာလင်္ကာဆိုင်ရာ စာပေအမျိုးအစား နှစ်မျိုးလုံးတွင် တွေ့ရှိရသည် ။ စကားပြေဆိုင်ရာ စာပေအမျိုးအစားထဲတွင် ကျောက်စာ ၊ မေတ္တာစာ ၊ နေ့စဉ်မှတ်တမ်း နှင့် သံရောက်စာတမ်းများကို တွေ့ရှိရသည် ။ ကဗျာ လင်္ကာဆိုင်ရာ စာပေအမျိုး အစားထဲတွင် ပျို့ ၊ မော်ကွန်း နှင့် လင်္ကာစကားပြေရော ရကန်သွား စာပေ ပုံစံတို့ကို တွေ့ရှိရပါသည် ။ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်အဖြစ် တည်ဆောက်နေချိန်တွင် နိုင်ငံတကာနှင့် ချစ်ကြည်ရေး ၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် သံတမန်တို့၏ အခန်းကဏ္ဍသည်လည်း အရေးပါလျက် ရှိပါသည် ။ ထို့ကြောင့် မြန်မာစာပေရှိ သံခင်း တမန်ခင်းဆိုင်ရာ စာပေအမျိုးအစားများကို ဖော်ထုတ်ပေးခြင်းဖြင့် သံတမန်တို့၏ အခန်းကဏ္ဍ ပေါ်လွင် လာမှုနှင့်အတူ သံခင်းတမန်ခင်းစာပေသည်လည်း မြန်မာစာပေတွင် တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ရပ်တည်ကာ အကျိုးပြုလိမ့်မည် ဟု ယုံကြည်ပါသည် ။